# ဓမ္မခန္ဓာ (၄၇) အရိမေတ္တေယျ (မုဟမ္မဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၅)၊ သုတ်ဒေသနာ (၃၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

| | |
|---|---|
| ၁။ | **الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ أَضَلَّ أَعْمَالَهُمْ۞**<br>ဖုံးကွယ်မှောင်ချ၍၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသော သူတို့၏ ကျင့်ကြံမှုများမှာ လွဲမှားခြင်းသာ ဖြစ်၏။ |
| ၂။ | **وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَآمَنُوا بِمَا نُزِّلَ عَلَى مُحَمَّدٍ وَهُوَ الْحَقُّ مِن رَّبِّهِمْ كَفَّرَ عَنْهُمْ سَيِّئَاتِهِمْ وَأَصْلَحَ بَالَهُمْ۞**<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော၊ မေတ္တေယျ[၉၇၄]ထံ၌ ချမှတ်ပေးသည်ကို ၎င်းသည် ကံကြမ္မာရှင်ထံမှ ပရမတ္ထသစ္စာ ဖြစ်သည်ဟု ယုံကြည်သော သူများအား သူတို့၏ အကုသိုလ်များကို ဖုံးပစ်လျှက် အခြေအနေကို ပြုပြင်ပေးတော်မူမည်။ |
| ၃။<br><br>အမှား | **ذَلِكَ بِأَنَّ الَّذِينَ كَفَرُوا اتَّبَعُوا الْبَاطِلَ وَأَنَّ الَّذِينَ آمَنُوا اتَّبَعُوا الْحَقَّ مِن رَّبِّهِمْ كَذَلِكَ يَضْرِبُ اللَّهُ لِلنَّاسِ أَمْثَالَهُمْ۞**<br>ဤသည်မှာ ဖုံးကွယ်မှောင်ချသော သူတို့သည် **မိစ္ဆာတရား**ကို လိုက်နာကြ၍၊ ယုံကြည်သော သူတို့သည် ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားကို လိုက်နာသောကြောင့် ဖြစ်၏။ ဤသို့၊ ပရမတ်ဘုရားရှင်သည် လူသားတို့အတွက် ပမာဆောင် ဥပမာပေးတော်မူ၏။ |
| ၄။ | **فَإِذا لَقِيتُمُ الَّذِينَ كَفَرُوا فَضَرْبَ الرِّقَابِ حَتَّى إِذَا أَثْخَنتُمُوهُمْ فَشُدُّوا الْوَثَاقَ فَإِمَّا مَنًّا بَعْدُ وَإِمَّا فِدَاء حَتَّى تَضَعَ الْحَرْبُ أَوْزَارَهَا ذَلِكَ وَلَوْ يَشَاء اللَّهُ لَانتَصَرَ مِنْهُمْ وَلَكِن لِّيَبْلُوَ بَعْضَكُم بِبَعْضٍ وَالَّذِينَ قُتِلُوا فِي سَبِيلِ اللَّهِ فَلَن يُضِلَّ أَعْمَالَهُمْ۞**<br>သင်တို့သည် ဖုံးကွယ်သော သူတို့နှင့် ထိပ်တိုက်တွေ့သောအခါ သူတို့ကို ချုပ်ကိုင်နိုင်သည်ထိ စစ်လည်မြို့ကို ဖြတ်တိုက်လော့။[၉၇၅] ထို့နောက် အင်အားဖြင့် ချုပ်နှောင်နိုင်၏ သို့မဟုတ်၊ မျက်နှာသာပေးနိုင်၏၊ သို့မဟုတ် လျှော်ကြေး တောင်း |

(၉၇၄) ဘာသာတရားချင်း ဝိရောဓိဖြစ်မည်ကို မလိုလားသောကြောင့် ကိုယ်တော်မုဟမ္မဒ်ကို အရိမေတ္တေယျဟု ဘာသာပြန်ဆိုလိုခြင်း မရှိပါ။ သို့သော် အမှန်တရားဟူသည် ဖုံးကွယ်ထားအပ်သည်ကား မဟုတ်ပေ။ ထို့ပြင် သိနေလျှက်နှင့် ဖုံးကွယ်ထားပြန်ကလည်း ကျမ်းမြတ်ကုရ်အာန်၏ ဥပဒေအရ ထိုသူသည် ဖုံးကွယ်မှောင်ချသူ (ကာဖရ်) ဖြစ်သွားမည်မှာ သေချာပေသည်။ အမှန်တရားကို အမုန်းခံ၍ ပြောလိုက်ခြင်းသည် နောင်လာ နောက်သားများ အတွက်လည်း အကျိုး ဖြစ်နိုင်ပေသည်။

တစ်ကမ္ဘာလုံးမှ မွတ်ဆလင်အားလုံးက ကိုယ်တော် မုဟမ္မဒ် ဆိုသည်မှာ ရှေးကျမ်းအားလုံးမှာ ကြိုတင် ဟောပြောခဲ့သော၊ လောက၌ နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်ထားပေသည်။ ရှေးကျမ်းအားလုံးများ အနက်တွင် ပိဋကတ်တော် သည်လည်း ပါဝင်သည် ဖြစ်ရာ၊ ပိဋကတ်တော်တွင်လည်း နောက်ဆုံးပွင့် ပညတ်ဘုရားရှင်မှာ အရိမေတ္တေယျ ဖြစ်ကြောင်းကို အတိအကျ ဆိုထားပေသည်။ (ဤ အကြောင်းကို ၂း၂၁၉၏ အောက်ခြေတွင်လည်း ရှင်းပြခဲ့ပေသည်။ ဆက်လက်၍ ဤဓမ္မခန္ဓာ၏ အောက်ဆုံးတွင်ကြည့်ပါ။–)

| | |
|---|---|
| ဝန်ချ စဉ် | နိုင်၏။ ဤသည် စစ်ပွဲ၌ **လက်နက်ချစဉ်** ဖြစ်၍။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် သူတို့အား ကူညီနိုင်၏။ သို့သော် အရှင်သည် သင်တို့အား အချို့ကို အချို့အားဖြင့် စုံစမ်းတော်မူ၏။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ကျဆုံးရသော သူများ၏ ကျင့်ကြံမှုတို့သည် လွဲမှားခြင်း မရှိချေ။ |
| ၅။ | **سَيَهْدِيهِمْ وَيُصْلِحُ بَالَهُمْ۞**<br>အရှင်သည် သူတို့အား လမ်းညွှန်တော်မူလတ္တံ့၊ သူတို့၏ အခြေအနေကို ပြုပြင်ပေးတော်မူလတ္တံ့။ |
| ၆။ | **وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ۞**<br>သူတို့အတွက် အသိအမှတ်ပြုပြီးသော ဉယျာဉ်ဘုံသို့ ဝင်ရောက်စေတော်မူလတ္တံ့။ |
| ၇။ | **يَا أَيُّهَا الَّذِينَ آمَنُوا إِن تَنصُرُوا اللَّهَ يَنصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ۞**<br>အို ယုံကြည်သော သူတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား ကူညီမှုပြုလျှင် သင်တို့အား ကူညီခံရစေလတ္တံ့။ သင်တို့၏ စုံရပ်ခံမှုကို ခိုင်မာစေလတ္တံ့။ |
| ၈။ | **وَالَّذِينَ كَفَرُوا فَتَعْسًا لَّهُمْ وَأَضَلَّ أَعْمَالَهُمْ۞**<br>ဖုံးကွယ်မှောင်ချသော သူတို့အား ဆိတ်သုဉ်းစေလတ္တံ့။ သူတို့၏ ကျင့်ကြံမှုများမှာ လွဲမှားနေကြ၏။ |
| ၉။ | **ذَلِكَ بِأَنَّهُمْ كَرِهُوا مَا أَنزَلَ اللَّهُ فَأَحْبَطَ أَعْمَالَهُمْ۞**<br>ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်၏ ချမှတ်ပေးခြင်းကို မုန်းတီးသောကြောင့်ပင်။ သို့ဖြင့် သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။ |
| ၁၀။ | **أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ دَمَّرَ اللَّهُ عَلَيْهِمْ وَلِلْكَافِرِينَ أَمْثَالُهَا۞**<br>သူတို့သည် မြေကမ္ဘာအနှံ့ သွားလာလျှက် သူတို့၏ ရှေ့အလျှင် ဖြစ်သူများ နိဂုံး မည်သို့ ချုပ်ရသည်ကို မကြည့်ကြသလော။ ပရမတ်ဘုရားရှင်သည် သူတို့အား ပျက်စီးစေလိုက်၏။ ဖုံးကွယ်မှောင်ချသူတို့ အတွက် ဉပမာပင် ဖြစ်၏။ |
| ၁၁။ | **ذَلِكَ بِأَنَّ اللَّهَ مَوْلَى الَّذِينَ آمَنُوا وَأَنَّ الْكَافِرِينَ لَا مَوْلَى لَهُمْ۞**<br>ဤသည်မှာ ပရမတ်ဘုရားရှင်သည် ယုံကြည်သော သူတို့အတွက် မဟာမိတ် ဖြစ်သောကြောင့်တည်း၊ ဖုံးကွယ်သူတို့ အတွက်မူ သူတို့အတွက် မဟာမိတ်ဟူ၍ မရှိချေ။ |
| ၁၂။ | **إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَالَّذِينَ كَفَرُوا يَتَمَتَّعُونَ** |

---

(၈၇၅) ဤသုတ်တော်မှ **فَضَرْبَ الرِّقَابِ ဖသွရ်ဘရ် ရကာဘိ** ဆိုသည် ဝါကျကို ဆရာတော်ကြီး တစ်ချို့က **သူတို့၏ ခေါင်းများကို ဖြတ်ကြလော့– ထို့နောက် သူတို့အား ဖမ်းဆီးချုပ်နှောင်ကြလော့၊** ဟု ပြန်ဆိုသည်များ ရှိပေသည်။ ခေါင်းဖြတ်ပြီးသော သူအား မည်သို့ ဖမ်းဆီးနိုင်ဦးမည်နည်း ဆိုသည်ကို ချင့်ချိန်မိဟန် မတူချေ။ ကျမ်းတော်အား ဘာသာပြန်ရာတွင် ပြီးစလွယ် ဘာသာပြန်၍ကား မရပေ။ ထို့ပြင် ဤဝါကျမှ **الرِّقَابِ** သည် ဦးခေါင်းဟု အဓိပ္ပါယ် လုံးဝ မပေးပေ။ ထိုစကားလုံးမှာ လည်ပင်းအား ချုပ်ကိုင်သော နေရာ ဟုသာ ဖြစ်ပေသည်။ ချုပ်ကိုင်၍ စောင့်ကြည့်ခြင်းခံရသူ “ကျွန်” ကိုလည်း ဤစကားလုံးကိုပင် သုံးပေသည်။ ထို့ပြင် **فَضَرْبَ** ကို “ဖြတ်ပစ်ကြ”ဟု မည်သည့်နည်းနှင့်မျှ ပြန်ဆို၍ မရပေ။ **သွရာဘ**မှာ ရိုက်သည်၊ ထုသည်၊ နည်းလမ်းရှာဖွေသည်၊ ခရီးနှင်သည်၊ ဉပမာဆောင်သည် ဟုသာ ဖြစ်ပေသည်၊ (၂း၆၀ တွင်ကြည့်ပါ)။ ထို့ကြောင့် ဤဝါကျ၏ အနက်မှာ တိုက်ပွဲ တစ်ခုဖြစ်လျှင် အတတ်နိုင်ဆုံး ဒေါသ အာဃာတကို ထိမ်းချုပ်လျှက် ထိုရန်သူများ၏ စစ်ဦး၊ စစ်တိုက်လိုသော ရည်ရွယ်ချက်၊ အနိုင်ကျင့်လိုသော ရည်ရွယ်ချက်ကို ချိုးနှိမ်ပစ်နိုင်သည့် နည်းလမ်းများကို ရှာဖွေလျှက် သူတို့အား လူ့ဘောင်ငြိမ်းချမ်းရေးကို လက်ခံလာသူများ ဖြစ်ရန် ကြိုးပမ်းရမည်သာ ဖြစ်သည်။ ထို့ကြောင့် သူတို့အား **မျက်နှာ ထောက်ထားနိုင်သည်၊ သို့မဟုတ် လျှော်ကြေးယူနိုင်သည်၊** ဟု ဆိုထားခြင်း ဖြစ်ပေသည်။ သူတို့အား သတ်ကိုသတ်ပစ်ရမည်၊ ထောင်ချကို ချပစ်ရမည်ဟု ဆိုထားခြင်း မဟုတ်ချေ။ လျှော်ကြေးဆိုသည်မှာလည်း ကျမ်းတော် တစ်အုပ်လုံး၏ သဘောတရားတွင် ထိုရန်သူထံမှ စိတ်ဓါတ်ရေးရာ လျှော်ကြေးကိုသာ ဦးစားပေး ပြောဆိုပေသည်။ တနည်းအားဖြင့် အဖျက် အနှောက်များ ဆက်လက် မလုပ်ရန်ကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ (၈း၁၂ တွင်ကြည့်ပါ)။

| | |
|---|---|
| | **وَيَأْكُلُونَ كَمَا تَأْكُلُ الْأَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများအား အောက်ခင်း၌ စမ်းချောင်း ရေသွင် စီးဆင်းလျှက်ရှိသော ဥယျာဉ်ဘုံများသို့ ဝင်စေတော်မူမည်ပင်။ ဖုံးကွယ်၍ ပျော်ပါးမြူးထူးနေသော သူများသည် ကား၊ တိရိစ္ဆာန်များ စားသကဲ့သို့သာ စားသုံးရမည်ပင်၊ အပူမီးသည် သူတို့အတွက် တည်းခိုရာ ဖြစ်၏။ |
| ၁၃။ | **وَكَأَيِّن مِّن قَرْيَةٍ هِيَ أَشَدُّ قُوَّةً مِّن قَرْيَتِكَ الَّتِي أَخْرَجَتْكَ أَهْلَكْنَاهُمْ فَلَا نَاصِرَ لَهُمْ۞**<br>မည်မျှသော အရပ်ဒေသများသည် သင့်အား မောင်းထုတ်ခဲ့သော ဒေသထက် ပိုမို သန်မာသော အစွမ်းသတ္တိ ရှိခဲ့ သနည်း၊ ငါအရှင်က သူတို့အား တိမ်ကောစေလျှင် သူတို့အတွက် ကူညီနိုင်သူ မရှိချေ။ |
| ၁၄။ | **أَفَمَن كَانَ عَلَى بَيِّنَةٍ مِّن رَّبِّهِ كَمَن زُيِّنَ لَهُ سُوءُ عَمَلِهِ وَاتَّبَعُوا أَهْوَاءهُمْ۞**<br>ကံကြမ္မာရှင်၏ ထံတော်မှ ရှင်းလင်းချက်များ ပေါ်၌ ရှိသူသည် အကုသိုလ် ကျင့်ကြံမှုများ၏ ဖမ်းစားခံနေသူ၊ သူတို့၏ လိုဘများသို့ လိုက်နေသူ ကဲ့သို့ ဖြစ်သလော။ |
| ၁၅။ | **مَثَلُ الْجَنَّةِ الَّتِي وُعِدَ الْمُتَّقُونَ فِيهَا أَنْهَارٌ مِّن مَّاء غَيْرِ آسِنٍ وَأَنْهَارٌ مِن لَّبَنٍ لَّمْ يَتَغَيَّرْ طَعْمُهُ وَأَنْهَارٌ مِّنْ خَمْرٍ لَّذَّةٍ لِّلشَّارِبِينَ وَأَنْهَارٌ مِّنْ عَسَلٍ مُّصَفًّى وَلَهُمْ فِيهَا مِن كُلِّ الثَّمَرَاتِ وَمَغْفِرَةٌ مِّن رَّبِّهِمْ كَمَنْ هُوَ خَالِدٌ فِي النَّارِ وَسُقُوا مَاء حَمِيمًا فَقَطَّعَ أَمْعَاءهُمْ۞**<br>စည်းစောင့်သူများ အတွက် ကတိတော်ထားသည့် ဥယျာဉ်တော်၏ ဥပမာပုံသည်ကား– ထို၌ ရေ ညစ်ညမ်းမှု မရှိသော မြစ်ချောင်းများ အဟာရ မပြောင်းလဲသော နို့ရည် မြစ်ချောင်းများ၊ သောက်သုံးသူများ အတွက် အရသာရှိသော ယစ် ရွှေရည် မြစ်ချောင်းများ၊ ရွေးချယ်ထားသော ပျားရည် မြစ်ချောင်းများ ရှိ၏။ ထို၌ သူတို့အတွက် ကံကြမ္မာရှင်၏ ထံမှ လွတ်ငြိမ်းခွင့်ပေးထားသည့် သစ်သီးဝလံမျိုးစုံ ရှိ၏။ ၎င်းသည် အပူမီးထဲ၌ ကာလမဲ့ ခံစားလျှက် တိုက်မည့် ရေမှာ ရေနွေးပူဖြစ်၍ အိမ်သိမ်အူမ ပြတ်ကျရသူ ကဲ့သို့ ဖြစ်သလော။ |
| ၁၆။ | **وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ حَتَّى إِذَا خَرَجُوا مِنْ عِندِكَ قَالُوا لِلَّذِينَ أُوتُوا الْعِلْمَ مَاذَا قَالَ آنِفًا أُوْلَئِكَ الَّذِينَ طَبَعَ اللَّهُ عَلَى قُلُوبِهِمْ وَاتَّبَعُوا أَهْوَاءهُمْ۞**<br>သူတို့အနက် သင့်ထံတွင် ကြားနာကြလျှက် သင့်ထံမှ ထွက်သွား၍၊ အသိပညာ ချီးမြှင့်ခံရသော သူတို့အား၊ "သူက ယခု ဘာများ ပြောသေးသနည်း၊"ဟု ပြောသူတို့ ရှိ၏။ သူပြောသည်မှာ "ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားကို တံဆိပ်ထုထားသော သူတို့၊– ထိုသူတို့သည် သူတို့၏ လိုဘများသို့ လိုက်နေသူများ ဖြစ်ကြ၏။" |
| ၁၇။ | **وَالَّذِينَ اهْتَدَوْا زَادَهُمْ هُدًى وَآتَاهُمْ تَقْواهُمْ۞**<br>လမ်းညွှန်ခြင်း ခံရသော သူတို့အား၊ ပရမတ်ဘုရားရှင်က လမ်းညွှန်ခြင်းကို တိုးပွားစေလျှက် စည်းစောင့်နိုင်ခြင်းကို ချီးမြှင့်တော်မူ၏။ |
| ၁၈။ | **فَهَلْ يَنظُرُونَ إِلَّا السَّاعَةَ أَن تَأْتِيَهُم بَغْتَةً فَقَدْ جَاء أَشْرَاطُهَا فَأَنَّى لَهُمْ إِذَا جَاءتْهُمْ ذِكْرَاهُمْ۞**<br>သူတို့သည် သူတို့ထံသို့ ရုတ်တရက် ပေးရောက်လာမည့် အချိန်နာရီအား စောင့်ကြည့်နေကြသလော။ မုချပင် ထို့ အတွက် အတိတ်နိမိတ်တို့ ရောက်လာပြီ–[၉၇၆] သို့လျှင် သူတို့ထံသို့ မည်သို့သော သတိပေးတရားတော် ရောက်လာ စေမူ သူတို့အတွက် ကုံလုံပြည့်စုံနိုင်တော့မည်နည်း။ |
| ၁၉။ | **فَاعْلَمْ أَنَّهُ لَا إِلَهَ إِلَّا اللَّهُ وَاسْتَغْفِرْ لِذَنبِكَ وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَاللَّهُ يَعْلَمُ مُتَقَلَّبَكُمْ وَمَثْوَاكُمْ۞** |

(၉၇၆) အချိန်နာရီဆိုသည်မှာ ထိုမိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒ ကျဆုံးချိန်ကို ပြောခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် "အတိတ်နိမိတ်တို့ ရောက်လာပြီ၊"ဟု သုံးထားခြင်းပင် ဖြစ်ပေသည်။ နောက်ဘဝ သို့မဟုတ် ကမ္ဘာဂြိုလ် ပျက်သုဉ်းချိန်ကို ပြောခြင်း မဟုတ်ချေ။

| | |
|---|---|
| | သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်မှ အပ အခြား ဘုရားဟူ၍ မရှိကြောင်း သိကြလော့။ သင်၊ ယုံကြည်သူများနှင့် ယုံကြည်သော သူမတို့၏ အပြစ်များမှကင်းရန် လွတ်ငြိမ်းဆုပန်လော့။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ဦးတည်လှုပ်ရှားမှုများ၊ သင်တို့၏ တည်းခိုမှုများကို သိနေတော်မူ၏။ |
| ၂၀။ | **وَيَقُولُ الَّذِينَ آمَنُوا لَوْلَا نُزِّلَتْ سُورَةٌ فَإِذَا أُنزِلَتْ سُورَةٌ مُّحْكَمَةٌ وَذُكِرَ فِيهَا الْقِتَالُ رَأَيْتَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ يَنظُرُونَ إِلَيْكَ نَظَرَ الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ فَأَوْلَى لَهُمْ۞**<br>ယုံကြည်သော သူတို့က “အဘယ်ကြောင့် ဓမ္မခန္ဓာ တစ်ပါး မချမှတ်ပေးသနည်း၊”ဟု ဆိုကြ၏။ သို့သော် စီရင်ထုံးတည်သော ဓမ္မခန္ဓာတစ်ပါးကို ချမှတ်ပေး၍ ထို၌ ခုခံစစ်အကြောင်း သတိပေါ်ပေးသော်၊ စိတ်နှလုံးတွင် ရောဂါရှိသော သူများက သူတို့ထံ လှည့်လာနေသော သေဘေး လွှမ်းခြုံခံရသည့် အကြည့်ဖြင့် သင့်အား ကြည့်နေသည်ကို သင်မြင်ရ၏။ |
| ၂၁။ | **طَاعَةٌ وَقَوْلٌ مَّعْرُوفٌ فَإِذَا عَزَمَ الْأَمْرُ فَلَوْ صَدَقُوا اللَّهَ لَكَانَ خَيْرًا لَّهُمْ۞**<br>နာခံခြင်း၊ အသိအမှတ်ပြု ပြောဆိုခြင်း–၊ ညွှန်ကြားချက်တစ်ခုအား ဆုံးဖြတ်သောအခါ၊ သူတို့သည် ပရမတ်ဘုရားအပေါ် ဖြောင့်မှန်ကြလျှင် သူတို့အတွက် ပိုမိုကောင်းမြတ်၏။ |
| ၂၂။<br>☆၄း၁ | **فَهَلْ عَسَيْتُمْ إِن تَوَلَّيْتُمْ أَن تُفْسِدُوا فِي الْأَرْضِ وَتُقَطِّعُوا أَرْحَامَكُمْ۞**<br>အကယ်၍ သင်တို့အား အလှည့်ပေးလိုက်လျှင်၊ သင်တို့သည် မြေကမ္ဘာ၌ အဖျက်လုပ်၍ သင်တို့၏ မွေးရာပါ အခွင့်အရေးများကို☆ ဖြတ်တောက်သင့်သလော။ |
| ၂၃။<br>☆<br>၂း၁၅၉ | **أُوْلَئِكَ الَّذِينَ لَعَنَهُمُ اللَّهُ فَأَصَمَّهُمْ وَأَعْمَى أَبْصَارَهُمْ۞**<br>ထိုသူတို့သည်ကား ပရမတ်ဘုရားရှင်၏ မေတ္တာဝေးစေပြီ၊☆ သို့ဖြစ်၍ သူတို့သည် နားပင်းခြင်း၊ အမြင်များ ကန်းခြင်းတို့ ဖြစ်ရ၏။ |
| ၂၄။ | **أَفَلَا يَتَدَبَّرُونَ الْقُرْآنَ أَمْ عَلَى قُلُوبٍ أَقْفَالُهَا۞**<br>သူတို့သည် အဘယ်ကြောင့် ကုရ်အာန်ကို အရင်းအမြစ်မစစ်ကြသနည်း၊ သို့တည်းမဟုတ် သူတို့၏ စိတ်နှလုံးကို သော့ခတ်ထားကြသလော။ |
| ၂၅။ | **إِنَّ الَّذِينَ ارْتَدُّوا عَلَى أَدْبَارِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى الشَّيْطَانُ سَوَّلَ لَهُمْ وَأَمْلَى لَهُمْ۞**<br>သူတို့အတွက် လမ်းညွှန်ခြင်းကို ရှင်းလင်းစေပြီး နောက်မှ ပြန်လှည့်သွားသော သူတို့သည် မကောင်းဆိုးဝါး၏ လှုံ့ဆော်မှုကို ခံရပြီ၊ သူတို့အား အချိန်လေလွှင့်စေ၏။ |
| ၂၆။ | **ذَلِكَ بِأَنَّهُمْ قَالُوا لِلَّذِينَ كَرِهُوا مَا نَزَّلَ اللَّهُ سَنُطِيعُكُمْ فِي بَعْضِ الْأَمْرِ وَاللَّهُ يَعْلَمُ إِسْرَارَهُمْ۞**<br>ယင်းမှာ သူတို့က ပရမတ်ဘုရားရှင်၏ ချမှတ်ပေးချက်ကို မုန်းတီးသော သူတို့အား “ညွှန်ကြားချက် အချို့တွင် ကျွန်ုပ်တို့သည် သင်တို့ကို နာခံပါမည်၊”ဟု ဆိုသောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့၏ ကြိတ်၍ကြံစည်မှုများကို သိနေတော်မူ၏။ |
| ၂၇။<br>☆<br>၄း၉၇<br>၆း၉၃ | **فَكَيْفَ إِذَا تَوَفَّتْهُمُ الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ۞**<br>နိမိတ်ဆောင်တို့က သူတို့အား သက်တမ်းကုန်စေသော်၊ သူတို့၏ မျက်နှာများနှင့် နောက်ကျောများကို ရိုက်ခတ်သော်မည်သို့ ရှိနိုင်အံ့နည်း။☆ |
| ၂၈။ | **ذَلِكَ بِأَنَّهُمُ اتَّبَعُوا مَا أَسْخَطَ اللَّهَ وَكَرِهُوا رِضْوَانَهُ فَأَحْبَطَ أَعْمَالَهُمْ۞**<br>ယင်းမှာ၊ သူတို့သည် ပရမတ်ဘုရားရှင်၏ အမျက်တော်ရှုခြင်းကို လိုက်နာကြလျက်၊ အရှင်၏ နှစ်မြို့မှုကို ရွံမုန်းသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။ |

| | |
|---|---|
| ၂၉။ | أَمْ حَسِبَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ أَن لَّن يُخْرِجَ اللَّهُ أَضْغَانَهُمْ ۞<br>သို့တည်းမဟုတ် စိတ်နှလုံး၌ ရောဂါရှိသောသူတို့က ပရမတ်ဘုရားရှင်သည် သူတို့၏ အမုန်းစိတ်များကို ဖေါ်ထုတ်တော်မူမည် မဟုတ်ဟု စိတ်ကူးယဉ်နေကြသလော။ |
| ၃၀။ | وَلَوْ نَشَاء لَأَرَيْنَاكَهُمْ فَلَعَرَفْتَهُم بِسِيمَاهُمْ وَلَتَعْرِفَنَّهُمْ فِي لَحْنِ الْقَوْلِ وَاللَّهُ يَعْلَمُ أَعْمَالَكُمْ ۞<br>အကယ်၍ ငါအရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် သူတို့အား သင့်အတွက် မြင်နိုင်စွမ်းစေ၏၊ သူတို့၏ အမှတ်သညာများအားဖြင့် သင် မှတ်မိနိုင်၏၊ သူတို့၏ ပြောဆိုသံအားဖြင့် သင် မှတ်မိနိုင်၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ကျင့်ကြံမှုများကို သိနေတော်မူ၏။ |
| ၃၁။ | وَلَنَبْلُوَنَّكُمْ حَتَّى نَعْلَمَ الْمُجَاهِدِينَ مِنكُمْ وَالصَّابِرِينَ وَنَبْلُوَ أَخْبَارَكُمْ ۞<br>သင်တို့အနက် အားစိုက်ဆောင်ရွက်သူ၊ သည်းခံပါရမီကြီးသူအား သိသာသည့်တိုင် သင်တို့အား စုံစမ်းတော်မူမည်။ သင်တို့၏ သတင်းကိုလည်း စုံစမ်းတော်မူမည်။[၉၇၇] |
| ၃၂။ | إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ وَشَاقُّوا الرَّسُولَ مِن بَعْدِ مَا تَبَيَّنَ لَهُمُ الهُدَى لَن يَضُرُّوا اللَّهَ شَيْئًا وَسَيُحْبِطُ أَعْمَالَهُمْ ۞<br>သူတို့အတွက် လမ်းညွှန်တော်ကို ရှင်းလင်းစေပြီးနောက်မှ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသော၊ ဥဏ်စဉ်တော်ဆောင်အား ဂိုဏ်းခွဲသော ဖုံးကွယ်သောသူတို့သည် ပရမတ်ဘုရားရှင်အား နစ်နာစေနိုင်ခြင်း တစ်စုံတစ်ရာ မရှိချေ။ သူတို့၏ ကျင့်ကြံမှုများအား အချည်းနှီးဖြစ်စေ၏။ |
| ၃၃။ | يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ وَلَا تُبْطِلُوا أَعْمَالَكُمْ ۞<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ သင်တို့၏ ကျင့်ကြံမှုများကို အမှား မဖြစ်စေနှင့်။ |
| ၃၄။ | إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ ثُمَّ مَاتُوا وَهُمْ كُفَّارٌ فَلَن يَغْفِرَ اللَّهُ لَهُمْ ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းသည့် ဖုံးကွယ်သောသူတို့သည် ထို့နောက် ဖုံးကွယ်သူ အဖြစ်ဖြင့် သေဆုံးခဲ့သော် သူတို့အတွက် ပရမတ်ဘုရားရှင်ထံ၌ လွတ်ငြိမ်းခွင့် မရှိချေ။ |
| ၃၅။ | فَلَا تَهِنُوا وَتَدْعُوا إِلَى السَّلْمِ وَأَنتُمُ الْأَعْلَوْنَ وَاللَّهُ مَعَكُمْ وَلَن يَتِرَكُمْ أَعْمَالَكُمْ ۞<br>သင်တို့သည် အားလျှော့လျက် ငြိမ်းချမ်းရေးကို မကြွေးကြော်ကြနှင့်၊ သင်တို့သည် အပေါ်စီးမှ ဖြစ်ရမည်၊ ပရမတ်ဘုရားရှင်သည် သင်တို့နှင့် အတူရှိတော်မူ၏။ သင်တို့၏ ကျင့်ကြံမှုအား အဆင့်မကျော်စေနှင့်။[၉၇၈] |
| ၃၆။ | إِنَّمَا الحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَإِن تُؤْمِنُوا وَتَتَّقُوا يُؤْتِكُمْ أُجُورَكُمْ وَلَا يَسْأَلْكُمْ أَمْوَالَكُمْ ۞<br>ဤလောကီ သက်တမ်းသည် မြူးထူးပျော်ပါးရာ ဟာသမျှ ဖြစ်၏။ သင်တို့သည် ယုံကြည်ကြလျှင် စည်းစောင့်ကြလျှင် သင်တို့အား အကျိုးဆုလဒ်ကို ပေးခြင်းခံရလတ္တံ့။ သင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းခံလိမ့်မည် မဟုတ်ချေ။ |
| ၃၇။ | إِن يَسْأَلْكُمُوهَا فَيُحْفِكُمْ تَبْخَلُوا وَيُخْرِجْ أَضْغَانَكُمْ ۞ |

(၉၇၇) ပရမတ်ဘုရားရှင်သည် လူသားတို့၏ စိတ်နေသဘောထားကို ကုန်စင်သိပြီးသား ဖြစ်တော်မူ၏၊ ဤသုတ်တော်တွင် ဆိုလိုသည်မှာ သင်တို့ လူသားချင်း– မည်သူက အချောင်သမား ဖြစ်သည်၊ မည်သူက အမှန်တကယ် ကြိုးစားသည်ကို သိသာစေရန် ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၉၇၈) ဤသုတ်တော်က သင်တို့သည် သူတစ်ပါးအား အနိုင်ရနေစဉ်တွင် ငြိမ်းချမ်းရေး မကမ်းလှမ်းနှင့်ဟု ဆိုခြင်း မဟုတ်ချေ။ မိမိဘက်မှ ရှုံးနိမ့်နေစဉ်တွင် ငြိမ်းချမ်းရေးကို မမျှော်ကိုးနှင့်– ရန်သူများဘက်မှ ပေးမည်မဟုတ်၊ မိမိက အပေါ်စီးရှိမှ ငြိမ်းချမ်းရေးကို ကမ်းလှမ်းကြလော့ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ဤအချက်ကို ကိုယ်တော်မုဟမ္မဒ်၏ ဟုဒိုင်ဗီယာ စာချုပ်အားဖြင့် သက်သေပြခဲ့ပေသည်။

| | |
|---|---|
| | အကယ်၍ အရှင်သည် သင်တို့ထံမှာ တောင်းဆိုခဲ့ခြင်းနှင့် သင်တို့အား တိုက်တွန်းခဲ့ခြင်းအတွက် သင်တို့သည် ကပ်စေး နဲခဲ့လျှင် သင်တို့၏ အမုန်းစိတ်များကို ဖေါ်ထုတ်တော်မူမည်ပင်။ |
| ၃၈။ | هَاأَنتُمْ هَؤُلَاء تُدْعَوْنَ لِتُنفِقُوا فِي سَبِيلِ اللَّهِ فَمِنكُم مَّن يَبْخَلُ وَمَن يَبْخَلْ فَإِنَّمَا يَبْخَلُ عَن نَّفْسِهِ وَاللَّهُ الْغَنِيُّ وَأَنتُمُ الْفُقَرَاء وَإِن تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُونُوا أَمْثَالَكُمْ۞<br>ကြည့်လော့၊ သင်တို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ပေးကမ်းသုံးစွဲရန်သာ ဖိတ်ခေါ်ခံရသူတို့ ဖြစ်၏။ သို့သော် သင်တို့အနက် ကပ်စေးနဲသူတို့ ရှိ၏။ ကပ်စေးနဲသော သူသည် သူ၏ စရိုက်ကိုသာ ကပ်စေးနဲသူ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၍ သင်တို့သည်သာ ဆင်းရဲချို့တဲ့သူတို့ ဖြစ်၏။ အကယ်၍ သင်တို့သည် လှည့်ပြေးကြလျှင် သင်တို့အစား သင်တို့ကဲ့သို့ မဟုတ်သော အခြားလူမျိုးကို လွှဲပြောင်းပေးလတ္တံ့။[၉၇၉] |

(၉၇၉) ပရမတ်ဘုရားရှင်သည် သော်လည်းကောင်း၊ ကျမ်းတော်ပါ လူသားများအတွက် ချမှတ်ပေးထားသော နိယာမသည်သော်လည်းကောင်း ငြိမ်းချမ်းရေးရာ ဆောင်ရွက်မှုများသည် သော်လည်းကောင်း လူမျိုးတစ်မျိုး၏ မူပိုင်မဟုတ်ချေ။ ထိုအကြောင်းကို မကောင်းသူများ အစား ကောင်းသူများနှင့် လူမျိုး ပြောင်းလဲပစ်မည်ဟု မကြာခဏ ပြောဆိုပေသည်။ သို့ဖြစ်၍ ကျမ်းတော်အား သိရှိခွင့် ယုံကြည်ခွင့်ရသော ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ဟု နားလည်ခံစား လက်ခံခွင့်ရသော သူများ အနေဖြင့် လူသားတို့၏ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်ကို အခြားသူများထက် ပိုမို၍ ဆောင်ရွက်ရန် တာဝန်ရှိပေသည်။ အကယ်၍ မိမိတို့မှ မဆောင်ရွက်လျှင် ပရမတ်ဘုရားရှင် ဖြစ်သော ဓမ္မတော်၏ ဇစ်မြစ်တော်အရှင် (အလ္လာဟ်)က အခြားသော တာဝန်ယူလိုသည့် လူမျိုးအား လုပ်ပိုင်ခွင့်ကို လွှဲအပ်လိုက်မည်ပင်။ ထိုအခါ မိမိတို့ လူမျိုးသည် မြန်မာနိုင်ငံ၌ ပျူလူမျိုးများ ပျောက်ဆုံးသွားရ သကဲ့သို့ မြေမျိုးမှန်းမသိ မိုးပျံမှန်းမသိ ပျောက်ဆုံး တိမ်ကောသွားရမည်သာ ဖြစ်ပေသည်။

**သုတ်တော် (၄) အောက်ခြေအမှတ် ၉၇၄ မှ--**

ကိုယ်တော် မုဟမ္မဒ်၏ အမည်နာမကို **မဟာမတ်**ဟု လည်းကောင်း **မိုဟာမက်**ဟု လည်းကောင်း အမျိုးမျိုးရေးသား ကြပေသည်။ ထိုအမည်နာမ၏ ရှေ့မှ ပါသော **မဟာ** ဆိုသည်မှာ ပါဠိနှင့် သက်ကရိုက် စာပေများ၌ ကြီးမြတ်သော ဟု အနက်ကို ပေး၍၊ **မတ်** သို့မဟုတ် **မက်** ဆိုသည်မှာ မေတ္တာ–ကရုဏာ ဟု ဖြစ်ပေသည်။ ထို့ကြောင့် မုဟမ္မဒ်၏ အနက် အဓိပ္ပါယ်မှာ **ကြီးမားသော မေတ္တာရှင်**ဟု ဖြစ်ပေသည်။ ထိုအဓိပ္ပါယ်များသည် ပါဠိတော်လာ မေတ္တေယျ ဆိုသော အဓိပ္ပါယ်နှင့် လည်းကောင်း အာရ်ဗီ ဝေါဟာ မုဟမ္မဒ်ဆိုသော အဓိပ္ပါယ်နှင့်လည်းကောင်း ကျမ်းမြတ်ကုရ်အာန် ၂၁း၁၀၇ တွင် **သင့်အား လောက ခပ်သိမ်း အတွက် မေတ္တာရှင် အဖြစ် စေစားခြင်း ဖြစ်သည်၊** ဟူသော စကားနှင့် လည်းကောင်း လုံးဝဥသုံ ညီညွတ်နေပေသည်။

မေတ္တေယျ မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူလတ္တံ့၊ ယခုအခါ ငါ (ဂေါတမ ဗုဒ္ဓ) သည် အရာမက များစွာသော ရဟန်းသံဃာများ ပရိသတ်ကို ဆောင်လျှက် ဒေသ စာရီကြွချီ သကဲ့သို့ ထိုမေတ္တေယျ မြတ်စွာဘုရားသည် ထောင်ပေါင်းများစွာသော ရဟန်းသံဃာ ပရိသတ်ကို ဦးဆောင်လျှက် ဒေသစာရီ ကြွချီတော်မူလတ္တံ့။ ဟု ပါထိကဝဂ်ပါဠိတော် စက္ကဝတ္တိသုတ် ၁၀၇ တွင် ဆိုထားပေသည်။

**Sacred Books of the East volume 35 pg. 225:** "It is said that I am not an only Buddha upon whom the leadership and order is dependent. After me another Buddha maitreya of such and such virtues will come. I am now the leader of hundreds; he will be the leader of thousands."

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော (အရှေ့တိုင်းမှ ကျမ်းမြတ်ရတနာ အတွဲ ၃၅၊ စာမျက်နှာ ၂၂၅) တွင် ဂေါတမဗုဒ္ဓက "ငါသည် သတ္တဝါတို့ တည်မှီ အားကိုးရာ တစ်ပါးတည်းသော ဗုဒ္ဓမဟုတ်၊ ငါ၏နောက်တွင် သိက္ခာနှင့်ပြည့်စုံသော မေတ္တေယျ ဗုဒ္ဓသည် ပွင့်ပေါ်လတ္တံ့၊ ယခု ငါသည် တပည့်ရာပေါင်းများစွာ၏ ဦးဆောင်နာယက ဖြစ်သကဲ့သို့ သူသည် တပည့်နောက်လိုက် ထောင်ပေါင်းများစွာ၏ ဦးဆောင်နာယက ဖြစ်လိမ့်မည်၊ ဟု လည်းကောင်း။

**The Gospel of Buddha by Carus pg. 217 and 218 (From Ceylon sources):** "Ananda said to the Blessed One, "Who shall teach us when thou art gone?" And the Blessed one replied, 'I am not the first Buddha who came upon the earth nor shall I be the last. In due time another Buddha will arise in the world, a holy one, a supremely enlightened one, endowed with wisdom in conduct, auspicious, knowing the universe, an incomparable leader of men, a master of angels and mortals. He will reveal to you the same eternal truths, which I have taught you. He will preach his religion, glorious in its origin, glorious at the climax and glorious at the goal. He will proclaim a religious life, wholly perfect and pure such as I now proclaim. His disciples will number many thousands while mine number many hundreds.'

Ananda said, 'How shall we know him?'

The Blessed one replied, 'He will be known as Maitreya'."

ကားရုစ် ပြန်ဆိုရေးသားသော ဗုဒ္ဓ၏ သမ္မာကျမ်းစာ စာမျက်နှာ ၂၁၇– ၁၂၈ (သီရိလင်္ကာ စကားစဉ်) တွင်– အာနန္ဒာက မြတ်စွာဘုရားအား "အရှင်ဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် မည်သူက တပည့်တော်တို့အား သွန်သင်ဆုံးမ မည်နည်း၊"ဟု လျှောက်ထားရာ၊ မြတ်စွာဘုရားက "ငါသည် ဘဒ္ဒကမ္ဘာ၌ ပထမဦးဆုံးပွင့်သော ဗုဒ္ဓလည်းမဟုတ် နောက်ဆုံးပွင့်ပေါ်သော ဗုဒ္ဓလည်း မဟုတ်ချေ။ အချိန်အခါသင့်သော်– အခြားသော ဗုဒ္ဓသည် လာလတ္တံ့၊ သူသည် မြင့်မြတ်သူ၊ အချုပ်အခြာ ပညာ အလင်းရောင်ကို ပိုင်စိုးသူ၊ ဉာဏ်ပညာ၌ လိမ္မာရင့်သန်လျက် တိုးပွားစေသူ၊ စကြဝဠာ အနန္တကို သိမြင်သူ၊ လူတို့အတွက် အတုမဲ့ ခေါင်းဆောင် ဖြစ်သူ၊ လူနတ်ဗြဟ္မာတို့၏ နာယက ဖြစ်သူ ပင်တည်း။ သူသည် ယခု ငါသွန်သင်သကဲ့သို့ အတွင်း အဇ္ဈတ္တ သဘောတရားကို သွန်သင်လတ္တံ့၊ သူသည် သူ၏ သာသနာအား အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူလတ္တံ့၊ သူသည် သာသနာဆောင် ဘဝ၏ မြင့်မြတ်မှု ပြည့်စုံမှု စင်ကြယ်သန့်ရှင်းမှုများကို ဟောပြောတော်မူလတ္တံ့။ ယခုအခါ ငါ (ဂေါတမ ဗုဒ္ဓ) သည် အရာမက များစွာသော ရဟန်း သံဃာများ ပရိသတ်ကို ဆောင်လျက် ဒေသ စာရီကြွသကဲ့သို့ ထို မေတ္တေယျ မြတ်စွာ ဘုရားသည် ထောင်ပေါင်း များစွာသော ရဟန်းသံဃာ ပရိသတ်ကို တောင်လျက် ဒေသစာရီ ကြွတော်မူ လတ္တံ့၊"ဟု ဟောပြောသော်၊

အာနန္ဒာက "သူ့အား မည်သို့ သိရမည်နည်း၊" ဟုလျှောက်ထားပြန်၏။

ထိုအခါ မြတ်စွာဘုရားက "သူသည် မေတ္တေယျဟု ထင်ရှားကျော်ဇောလတ္တံ့၊" ဟု ပြန်ဖြေ၏။

ကိုယ်တော်မုဟမ္မဒ်ဖြစ်စဉ်ကို၂း၁၂၇မှ ၁၂၉ တွင် ရှင်းလင်းခဲ့ပြီ။ ထိုထက် ပို၍ ရှင်းစရာ ရှိနေသည်မှာ–(၁) အရိမေတ္တေယျ ဘုရားရှင်သည် စ၊လယ်၊ ဆုံး သုံးပါးလုံး ပြည့်စုံသော တရားတော်ကို ဟောပြောတော်မူမည်– ဟု ဖေါ်ပြထားရာ၊ ကိုယ်တော်မုဟမ္မဒ် ဆောင်ခဲ့သော တရားတော် ကျမ်းမြတ် ကုရ်အာန်သည် ဤကမ္ဘာ လောက၌ အတုမရှိ ပြည့်စုံသော တရားတော် ဖြစ်ကြောင်း– "သူတို့သည် အဘယ်ကြောင့် ကုရ်အာန်ကို အနုလုံပဋိလုံ မသုံးသပ်ကြသနည်း၊ သို့မဟုတ် သူတို့၏ စိတ်နှလုံးကို သော့ခတ်ထားကြသလော။"ဟု ဤဓမ္မခန္ဓာ၏ သုတ်တော် ၂၄ တွင် ပြောဆိုထားပြီး၊ ၅း၃ တွင် "သင်တို့လူသားများ အတွက် သာနာတော်သည် ပြီးပြည့်စုံတော်မူပြီ၊" ဟုလည်းကောင်း၊ ၄း၈၂ တွင် "ကုရ်အာန်ကျမ်းတော်သည် စလယ်ဆုံး သုံးပါးစလုံး ကမောက်ကမ မရှိ ညီညွတ်ပြည့်စုံခြင်း ရှိ၏၊"ဟုလည်းကောင်း အာမခံထားပေသည်။ ထိုကဲ့သို့ အာမခံထားသော ကျမ်းဟူ၍ ကမ္ဘာ ပေါ်တွင် အခြားကျမ်းစာ ဒေသနာ မရှိချေ။

(၂) သူ့၌ ရဟန်းသံဃာ တပည့်သာဝက ထောင်ပေါင်းများစွာ ရှိလတ္တံ့ ဆိုသည်ကို အထူးရှင်းစရာပင် မလိုချေ၊ ယခုခေတ် လောကီ အမြင်နှင့်ပင် ကိုယ်တော်မုဟမ္မဒ်အား ချစ်ခင်သော၊ နှလုံးသည်းပွတ်မှ မြတ်နိုးတန်ဘိုးထားသော လူသားပေါင်း မည်မျှရှိသည် ဆိုခြင်းကပင် သက်သေ ဖြစ်တော့ သည်။ ကျမ်းတော်၏ ၁၁၀း၂ တွင်လည်း "လူသားအများစုကြီးသည် သာသနာတော်သို့ အလုံးနှင့် အရင်းနှင့် ဝင်ရောက်လာသောအခါ၊"ဟု ကိုယ်တော်မုဟမ္မဒ် လက်ထက်တော်ကပင် လူသားပေါင်းများစွာ သာသနာတော်သို့ ဝင်ရောက်လာလျက် ကိုယ်တော့ထံ၌ တပည့်သာဝက အဖြစ် ခံယူခဲ့ကြောင်းကို သက်သေတည်ခဲ့ပေသည်။

(၃) ပိဋကတ်တော်၏ သွန်သင်ချက်များတွင် ပွင့်ပေါ်လေသမျှသော ဗုဒ္ဓများသည် အေးရိပ်နိမိတ်ကိုဆောင်သော၊ ငြိမ်းချမ်းရေးကို ကိုယ်စားပြုသော၊ လူသားအပေါင်းအတွက် တရားအလင်းရောင်ကို ပွားပေးနိုင်သော အပင် (ဗောဓိ)ကို ကိုယ်စားပြုကြပေသည်။ အထကထာ ဆရာတော်များက အရိမေတ္တေယျအတွက် ဗေဓိပင်မှာ မာကျောလေးလံသည့် အရိပ်ကောင်းရာ အပင်ဟု ဖွင့်ဆိုကြပေသည်။ အချို့ဘာသာပြန်များ၌ ဂုဏ်သတင်း မွှေးရန့်ကို ဆောင်သည့် ကန့်ကော်ပင်ဟု ပြန်ဆိုသည်များ ရှိပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်ကား ထိုဂုဏ်ရည်နှင့်ပြည့်စုံသော၊ ကိုယ်တော်သည် ကတ္တရ ခရီးသွားတို့ နားခို နိုင်သော အေးရိပ်ကို ပေးသည့် ကတ္တာရဇီးပင် တစ်မျိုး ဖြစ်သော ဇီးဗောဓိပင်ရင်းတွင် သဗ္ဗညုဉာဏ်ကို ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ၅၃း၁၄–၁၈ တွင် အတိအကျ ဆိုထားပေသည်။

(၄) ယနေ့ အရိမေတ္တေယျအား ဖူးမျှော်ရန် စောင့်မျှော်နေကြသော ဗုဒ္ဓဘာသာဝင်များ အနေဖြင့်– မေတ္တေယျဘုရား ဆိုသည်မှာ ဘုရားအင်္ဂါနှင့် ပြည့်စုံရမည်– ထိုဘုရားအင်္ဂါများမှာ သင်္ကန်းဝတ်ထားရမည်၊ ဦးခေါင်းမှ ရောင်ခြည်တော်များ ထွက်နေရမည်၊ ပါဠိဘာသာစကားဖြင့်သာ တရားဒေသနာကို ဟောပြောရမည်၊ ငါးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် သိက္ခာပုဒ်ပေါင်း မည်မျှနှင့်ပြည့်စုံရမည်၊ စသည်ဖြင့် မိရိုးဖလာကြားဘူးနားဝများနှင့် တိုင်းတာ နားလည်ထားကြပေသည်။ သို့သော် ထိုအချက်များကို ကိုယ်တော် ဂေါတမက သတ်မှတ်ပေးခဲ့ခြင်း မရှိချေ။ ကိုယ်တော်ဂေါမကိုယ်တိုင်လည်း ဦးခေါင်းမှ ရောင်ခြည်တော်များ ထွက်နေခြင်း မရှိချေ။ နောက်ပိုင်း လူသားများကသာ  ဘုရားရှင်တို့ ဆိုက်ရောက် သိရှိသော ဉာဏ်တော်အား တင်စားခြင်း အားဖြင့် သင်္ကေတနမ်ဖေါ် ရေးဆွဲထားခြင်းများ ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော်မေတ္တေယျသည် ကိုယ်တော်ဂေါတမ ပွင့်ပေါ်ခဲ့ရာ ဟိမဝန္တာ ပတ်ဝန်းကျင်တွေ မွေးဘွား ပွင့်ပေါ်ရမည်ဟုလည်း ခံစားချက်များ ရှိနေပေသည်။ (ကိုယ်တော်ဂေါတမသည်လည်း ဟိမဝန္တာခြေရင်းတွင် မွေးဘွားခဲ့သည်ဟု ခိုင်မာသော အထောက်အထား အားနည်းလှသည်)

ကိုယ်တော်မေတ္တေယျသည် မင်းကြီးသင်္ခါ ပေါ်ထွန်းခဲ့ရာ ပင်လယ်လေးတန် ဝိုင်းရံ ထားသည့် ဇမ္ဗူဒီပါ ကျွန်း၌၊ ပေါ်ထွန်းမည်ဟုလည်းကောင်း၊ ထိုမင်းကြီးသင်္ခါသည် ရှေးပဝေဏသီမှပင် ရှိခဲ့သော ပြသဒ် (အဆောက်အဦး)တော်ကြီး ရှိရာ၌ပေါ်ပေါက်ခဲ့သည်ဟု လည်းကောင်း စက္ကဝတ္တိသုတ်တွင် ဆိုထားပေသည်။ ထိုအချက် နှစ်ချက်လုံးသည် ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ်ရာ အာရေဗျကျွန်းဆွယ်နှင့် မက္ကာဟ်ရှိ ကအ်ဘာ ဝတ်ပြုကျောင်းတော်ကြီး အားဖြင့် ကိုက်ညီလျှက်ရှိပေသည်။ ကာအ်ဘာ ဝတ်ပြုကျောင်းတော်ကြီးသည် ရှေးပဝေဏသီကပင် ရှိနေခဲ့သော ကျောင်းတော်ကြီး ဖြစ်ပေသည်။

ထို့ပြင် အရေးအကြီးဆုံး ကွဲလွဲသည်ဟု ထင်ရသော အချက်မှာ– ကိုယ်တော်မေတ္တေယျသည် လူ့သက်တမ်း ရှစ်သောင်းတွင်မှ ပွင့်ပေါ်ရမည်ဟူသည့် အချက်ပင်ဖြစ်သည်။ လောက ယုတ္တိဗေဒနှင့် တိုင်းတာလျှင် လူ့သက်တမ်း ရှစ်သောင်း ဆိုသည်မှာ မဖြစ်နိုင်ပေ။ ကိုယ်တော် ဂေါတမ မတိုင်မီ ပွင့်ပေါ်ခဲ့သော ကကုသန်၊ ဂေါဏဂုံ၊ ကဿပ ဘုရားရှင်များကိုလည်း လူ့သက်တမ်း သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်းတွင် ပွင့်ပေါ်ခဲ့သည်ဟု ဆိုထားပေသည်၊ (ဝေပုလ္လသုတ်)။ လူ့သမိုင်း တစ်လျှောက်တွင် လူသားများသည် သက်တမ်းအားဖြင့် သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း ဟူ၍ နေသွားသော လူသားများ မရှိခဲ့ချေ။ အလားတူပင် ဤကမ္ဘာ၌ လူ့သက်တမ်း ရှစ်သောင်း နေရမည့် လူမျိုးဟူ၍ကား လုံးဝ ဖြစ်မလာနိုင်ချေ။ အထူးသဖြင့်– ကိုယ်တော် မေတ္တေယျပွင့်ပေါ်မည့် ခေတ်ကာလသည် ရှင်ဘုရင်များ ဆင်ရတနာ မြင်းရတနာနှင့် တိုင်းခန်းလှည့်လည်သော ကာလ ဖြစ်ကြောင်း အဆိုပါ သုတ်တော်၌ အတိအကျ ဆိုထားရာ– ယခုခေတ်ကဲ့သို့ နိုင်ငံတော် အကြီးအကဲများ လေယာဉ်ဖြင့်၊ ကားဖြင့် တိုင်းခန်းလှည့်လည်နေသော ကာလထက် မြောက်များစွာ ရှေးကျနေပေသည်။ အကယ်၍ နောက်ထပ် နှစ်ပေါင်းများစွာ ကြာမြင့်၍ လူသားများ သက်တမ်း ရှစ်သောင်း ထိနေရမည့်ကာလတွင် လူသားများ အနေဖြင့် အခြားဂြိုလ်များကိုပါ သွားလာနေနိုင်ပြီ ဖြစ်လိမ့်မည်၊ ဆင်ရတနာ မြင်းရတနာများကို မည်သို့မှ အသုံးပြုတော့မည် မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တော်မေတ္တေယျသည် ယခုခေတ်ထက် နောက်ကျသော ပိုမိုတိုးတက်လာသော ကာလများတွင်မှ ပွင့်ပေါ်မည်ဆိုသည်မှာ လွန်စွာ မှားယွင်းသော အယူသာ ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်ခဲ့သော် ခေတ်ကာလသည်သာ တိုင်းပြည်တိုင်းမှ ရှင်ဘုရင်များမှာ ဆင်ရတနာ၊ မြင်းရတနာ အစီးအနင်း သတ္တဝါများကို စီးနင်းသော ခေတ်ကာလ ဖြစ်ပေသည်။

လူ့သက်တမ်းများကို သောင်းနှင့် ချီ၍ ပြောဆိုခြင်းမှာ ထိုဘုရားရှင်များ ကိုယ်စားပြုသော လူမျိုး၊ သို့မဟုတ် ထိုဘုရားရှင်များ ပွင့်ပေါ်ရာ ဒေသမှ လူမျိုးများ၏ ယဉ်ကျေးမှုထွန်းကားသည့် သက်တမ်းကာလ ရှည်လျှားမှုကိုသာ ကိုယ်စားပြုပေသည်။ ထိုအကြောင်းကို ဘုရားရှင် ရှင်ဂေါမ မပွင့်မီ လူ့သက်တမ်း တစ်သောင်းနေရသည့် ခေတ်ကာလက ကဿပ ဘုရားရှင် ပွင့်ခဲ့သည်ဟု ဆိုသော်လည်း ကဿပ ဘုရားရှင်သည်– ကောသလတိုင်း၌ ပွင့်ပေါ်ခဲ့ကြောင်း ထိုအရပ်ထိုဒေသကို ကိုယ်တော် ဂေါတမက သူ၏ တပည့်သာဝကတို့အား လက်ညှိုးထိုးညွှန်ပြခဲ့ကြောင်း အင်္ဂုတ္တိုရ် နိကာယ်၊ ဂဝေသီ သုတ်၌ ဆိုထားခြင်းဖြင့် နားလည်နိုင်ပေသည်။ ထိုသုတ်တော်တွင် ကိုယ်တော် ဂေါတမက "အာနန္ဒာ– ရှေးအခါက၊ ဤအရပ်၌ မြို့ဖြစ်ဘူး၏၊ ပြည့်လည်းပြည့်စုံ၏၊ ကြွယ်လည်းကြွယ်ဝ၏၊ လူမျိုးစုံရောပြွန်းသည် ဖြစ်၍ များစွာသော လူရှိ၏၊------ ထိုအရပ်၌ ကဿပ မြတ်စွာဘုရားသည် ပွင့်ပေါ်ခဲ့၏၊" ဟု ဆိုထားပေသည်။

ထိုစကားမှ– ရှေးအခါမှ ဆိုသည်မှာ လူ့သက်တမ်း တစ်သောင်းနေသော လူမျိုးကို ကိုယ်စား မပြုပေ။ အထူးသဖြင့် ဤအရပ်ဟု ညွှန်ကြားပြခံရသော နေရာသည်၊ နှစ်ပေါင်းများစွာက ပျက်သွားသော မြို့ပျက်နှင့် ဤကမ္ဘာမြေမှ ဤအရပ်ကိုသာ ကိုယ်စားပြုပေသည်။ ထိုမျိုးဆက် ထိုလူသားတို့၏ ယဉ်ကျေးမှု တိမ်ကောသွားခြင်းကိုသာ ကိုယ်စားပြုပေသည်။ ထိုခေတ်ထိုအခါမှ မြို့ပြဆိုသည်များမှာ ယခုခေတ်ကဲ့သို့ ကြာမြင့်စွာ တည်တံ့နေခြင်း မရှိခဲ့ပေ၊ ထို့ကြောင့် ကိုယ်တော်ဂေါမ ညွှန်ပြသော အရပ်၏ သဘောအား သမိုင်းပညာနှင့် ယုတ္တိဗေဒ ရှုဒေါင့်မှကြည့်လျှင် နှစ် ငါးရာ တစ်ထောင်ထက် မကျော်လွန်နိုင်ပေ။ မြန်မာ့သမိုင်းတွင် တည်ရှိခဲ့သော လွန်ခဲ့သော နှစ်တစ်ထောင်ကျော်မှ မြို့ပြဟောင်းများသည် ယခုအချိန်တွင် ပျောက်ဆုံး တိမ်ကောသွားကဲ့သို့သာ ဖြစ်ပေတော့သည်။

ကျမ်းမြတ်ကုရ်အာန် အရ– လူသားဘုရား ဆိုသည်မှာ မိရိုးဖလာ အမိုက်မှောင်တွင်းမှ လူသားတို့အား ကယ်တင်လမ်းပြသော လူသားခေါင်းဆောင်များသာ ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်ဂေါတမ အပါအဝင် ကမ္ဘာပေါ်၌ ပွင့်ပေါ်ခဲ့သမျှသော ပညတ်ဘုရားအပေါင်း၏ အခြေခံကျသော လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဉာဏ်စဉ်ရေးရာ ရင့်သန်မှုများကိုသာ ဟောပြောသွန်သင်ခြင်းဖြင့် လူသားတို့အား လမ်းပြခဲ့သူ ဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းတွင်လည်း နောက်ဆုံးပွင့်ပေါ်သော လူသားပညတ်ဘုရားရှင်မှာ ကိုယ်တော် မုဟမ္မဒ်သာလျှင် ဖြစ်ပေတော့သည်။

နောက်ဆုံးအနေဖြင့်– ကိုယ်တော်မုဟမ္မဒ်သည် စစ်တိုက်ခဲ့သူ ဖြစ်သည်၊ သို့မဟုတ် စစ်ဥပဒေများကို ပညတ်ခဲ့သူဖြစ်သည်၊ ထိုအင်္ဂါရပ်များသည် ဘုရားဖြစ်ခြင်း ဂုဏ်အင်္ဂါနှင့် မကိုက်ညီဟု– ပြောဆို စွပ်စွဲချက်မျိုး ရှိပေသည်။ ထိုချက်သည် ပိဋကတ်တော်အား မနှံ့စပ်ဘဲလျှက် ဂရုဓမ္မသီလအား ဖဟိုပြုထားသော မိရိုးဖလာဝါဒီများ အတွက် ကိုယ်တော်မုဟမ္မဒ်အား နားလည်ရန် အခက်ဆုံး အချက် ဖြစ်ပေသည်။ သို့သော် ပိဋကတ်တော်အရ ကိုယ်တော် ဂေါတမသည် လူသားအပေါင်းအတွက် တရားသောစစ်၊ ငြိမ်းချမ်းရေးကို ကာကွယ်သောစစ်များကို မကန့်ကွက် မရှုံ့ချခဲ့ချေ။ သူ၏ တပည့် သာဝက ရဟန်းသံဃာများကိုပင် စစ်သည် သူရဲကောင်းများနှင့် မကြခဏ ဥပမာပုံဆောင်လေ့ရှိပေသည်။ အင်္ဂုတ္တိုရ်ပါဠိ ဒုတိယယောဓာဇီဝ သုတ်နှင့် အခြားနေရာပေါင်း များစွာတွင် ပါဝင်ပေသည်။ ထိုသို့ ပမာဆောင်လေသမျှတွင် သူရသတ္တိနှင့်ပြည့်စုံသော၊ ရဲစွမ်းသတ္တိရှိသော၊ မဆုတ်မနစ်ကျိုးစားသော စစ်သူရဲကောင်းများကို ဇွဲမလျှော့တမ်း အပတ်တကုတ်ကြိုးစားသည့် အဆင့်မြင့် ရဟန္တာကြီးများနှင့် ပမာပေးလေ့ရှိပေသည်။ အကယ်၍ ထိုသူရဲကောင်းများကို ရာဇဝတ်ကောင်များဟု သတ်မှတ်သော်က ထိုသို့ ဂုဏ်တင် ဥပမာပေးမည် မဟုတ်ချေ။

ထို့ပြင် ကိုယ်တော် မုဟမ္မဒ်သည် နောက်ဆုံးပွင့်ဖြစ်သည့် အလျောက်၊ လူသား အားလုံးအတွက် ရှုဒေါင့်မျိုးစုံမှ စံပြ အဖြစ် ပြီးပြည့်စုံသော တရားတော်ကို ကိုယ်တိုင်လက်တွေ့ အကောင်အထည် ဖေါ်ပြရမည်ပင်၊ သို့မှသာ ထိုတရားတော်သည် ပြည့်စုံသည် မည်ရန်ရှိ၏။ ဘုန်းကြီးရဟန်း ဘာသာရေး လူတန်းစား တစ်ရပ်အတွက်သာ စံပြဖြစ်နေပါက– ထိုတရားတော်သည် ပြီးပြည့်စုံခြင်း ရှိမည် မဟုတ်ချေ။ သို့ဖြစ်၍ ကိုယ်တော်မုဟမ္မဒ် အနေဖြင့် ဆင်းရဲသားဘဝ၊ ကြွယ်ဝချမ်းသာသူ ဘဝ၊ ၊ တရားဟောဆရာ ဘဝ၊ ကုန်သည် ပွဲစားဘဝ၊ သားသမီးဘဝ၊ မိဘဘဝ၊ အိမ်ထောင်ရှင်ဘဝ၊ မုဆိုးဖိုဘဝ၊  သာမန်ပြည်သူဘဝ၊ အုပ်ချုပ်သူ မင်းဘဝ၊ စစ်နိုင်သူ ဘဝ၊ စစ်ရှုံးသူဘဝ၊ လူနာဘဝ၊ ဆေးဆရာဘဝ စသည်ဖြင့် ဘဝပေါင်းများစွာကို ကူးပြောင်းလျှက် စံပြ အဖြစ် ရပ်တည်ခဲ့ရပေသည်။ သို့မဟုတ်က ငြိမ်းချမ်းရေးအတွက် ကာကွယ်နည်း– စစ်နိုင်နေလင့် ကစား အလျှော့ပေး၍ ငြိမ်းချမ်းရေး စာချုပ်ချုပ်နည်း၊ မဟာမိတ်ဆက်ဆံနည်း၊ မဟာမိတ်အပေါ် သစ္စာစောင့်သိနည်း၊ တိုင်းသူပြည်သားများအား အုပ်ချုပ်နည်း၊ အယူမတူသူများအပေါ် မေတ္တာထား စောင့်ရှောက်နည်း၊ အမျိုးသမီး ကလေးသူငယ်များ၏ ဘဝကို ကာကွယ်စောင့်ရှောက်နည်း၊ အာဏာရှင်စနစ်ကို တိုက်ဖျက်နည်း၊ မိရိုးဖလာ အမှောင်ခေတ်မှ လူသားများကို ကယ်ထုတ်နည်း၊ နောက်လိုက်အများ၏ စိတ်နေစိတ်ထား မျိုးစုံ၏ဒဏ်ကို သည်းခံနည်း၊ စသည်တို့၏ စံပြအဖြစ် လောက၌ အတုယူစရာ စံပြခေါင်းဆောင် (ဘုရား)ဟူ၍ ရှိတော့မည် မဟုတ်ချေ။

ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဘုရားဟူသည်ကိုကား မည်သူ၏ ဖုံးကွယ်မှောင်ချထားကြောင့်မျှ ပျောက်ပျက်နိုင်မည် မဟုတ်ချေ၊ ကိုယ်တော်အား ဖူးမျှော်ရန်စောင့်နေခြင်းသည် ကိုယ်တော်၏ တရားဒေသနာအား နာယူရန် စောင့်စားနေခြင်းနှင့် တူသည် ဖြစ်ရာ၊ ကိုယ်တော်အား ဉာဏ်စဉ်ကိန်းဝပ်ခြင်းဖြင့် ရွတ်အံခဲ့သော ဤကုရ်အာန်ကျမ်းတော်အား ဖတ်မှတ်နာယူနိုင်ခြင်းသည် ကိုယ်တော်အား ဖူးမျှော်ရသည် မည်ပေသည်။ တရားကို မသိလျှင် ဘုရားကို မသိနိုင်ဟု ကိုယ်တော်ဂေါတမ၏ အဆုံးအမကဲ့သို့ပင်။